# တတိယအကြိမ်မြောက် မြစိမ်းတောင်တရားစခန်း (၂၀၁၂)





တတိယအကြိမ်မြောက် မြစိမ်းတောင်ဆရာတော် ဘဒ္ဒန္တဇာနေယျ၏ ဝိပဿနာ (၉)ရက် တရားစခန်းကို စင်ကာပူနိုင်ငံ စိန့်ဂျွန်းကျွန်း (Saint John's Island)တွင် (၂၁. ၀၁. ၂၀၁၂)နေ့မှ (၂၉. ၀၁. ၂၀၁၂)နေ့အထိ ၉ ရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။ ဒုလ္လဘရဟန်းခံသူ (၁၉)ယောက်၊ သီလရှင် ဝတ်သူ (၁၃)ယောက်၊ ယောဂီ (၂၂၀)ကျော် စခန်းဝင် တရားအားထုတ်ခဲ့ကြပါသည်။

တရားစခန်းကို စင်ကာပူနိုင်ငံ အလုပ်ပိတ်ရည်ရှည် တရုတ်နှစ်သစ်ကူး၌ စီစဉ်ခဲ့ရာ တကယ်တမ်းတွက်ဆကြည့်လျှင် သွားရေးလာရေးနှင့် အစားအသောက်ရိက္ခာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အတွက် အလွန် ပင်ပန်းဆင်းရဲနိုင်ဖွယ် ရှိပါသည်။ ကုတင်၊ မွေ့ယာ၊ ကူရှင်မှအစ စိန့်ဂျွန်းကျွန်းသို့ သယ်ဆောင်ရသည်မှာ မလွယ်ကူလှသော်လည်း ဝေယျာဝစ္စအဖွဲ့နှင့် စီစဉ်သူများဖြစ်ကြသည့် ကိုဇော်မိုးစံနှင့်အဖွဲ့၏ကြိုးပမ်းမှုကြောင့် ဒုလ္လဘရဟန်း၊ သီလရှင်နှင့် ယောဂီများအားလုံး စိတ်နှလုံးချမ်းမြေ့ပြည့်စုံစွာ တရားအားထုတ်ကြရပါသည်။ သဇင် Success မဂ္ဂဇင်းနှင့် ကိုဇော်မိုးစံ အင်တာဗျူးကို ဖတ်ကြည့်စေချင်ပါသည်။

အယ်ဒီတာ

× × × ×

➤ဘယ်လို စိတ်ကူးစိတ်သန်းနဲ့ မြစိမ်းတောင် တရားစခန်းတွေ လုပ်ဖို့. . ဖြစ်လာခဲ့တယ် ဆိုတာလေး ပြောပြပေးစေချင်ပါတယ်။

၂၀၀၄ ခုနှစ်လောက်မှာ မြစိမ်းတောင်ဆရာတော်ဘုရားရဲ့ တရားတော်တွေ စင်္ကာပူမှာ စတင်နာကြားဖြစ်ကတည်းက. . ဆရာတော်ရဲ့ တရားတော်တိုင်းမှာ တရားအားထုတ်ချင်အောင် အမြဲဟောပြဆုံးမပေးတဲ့ သံဝေဂရစရာ တရားတွေ၊ ရှုနည်းမှတ်နည်းနဲ့ ပတ်သက်ပြီး မရှင်းမလင်း ဖြစ်နေတာတွေကို အလေးပေးပြီး ရှင်းပြပေးထားတာ သတိထားမိပါတယ်။ အဲဒီအချိန်တုန်းကတော့ ဒီလိုဆရာတော်မျိုးကို စင်္ကာပူ ပင့်ပြီး တရားပွဲ ကျင်းပပေးနိုင်ရင် ကောင်းမှာပဲလို့ အတွေးဝင်မိခဲ့ပါတယ်။ အခုလောက် ဘာသာရေးနဲ့ ပတ်သက်ပြီး တက်တက်ကြွကြွ ဆောင်ရွက်ကြတဲ့ ဓမ္မမိတ်ဆွေတွေ၊ Organiserတွေလည်း သိပ်မရှိသေးတော့ စိတ်ကူး သက်သက်ပဲ ရှိခဲ့ပါတယ်။

၂၀၀၇ ကစပြီး ဆရာတော် ဦးရာဇိန္ဒဦးစီးတဲ့ သတိပဋ္ဌာန်ရိပ်သာ (Satipathana Meditation Centre)ရဲ့ အမှုဆောင်ကော်မတီဝင်အဖြစ် လုပ်ဖြစ်ခဲ့ပါတယ်။ စင်္ကာပူမှာ အချိန်ပိုင်းတရားစခန်းတွေနဲ့ မလေးရှားက ကိုတာတင်ဂီမြို့မှာ အချိန်ပြည့် ၄ ရက်၊ ၇ ရက် အစရှိတဲ့ တရားစခန်းတွေကို အကြိမ်တော်တော်များများ တာဝန်ယူပြီး လုပ်နိုင်လာတဲ့နောက်ပိုင်း မြစိမ်းတောင် ဆရာတော်ဘုရားကြီးနဲ့ တရားစခန်းကျင်းပလိုစိတ် ဖြစ်လာပါတယ်။ ဒါနဲ့ မြစိမ်းတောင်ဆရာတော်ဘုရားကို ပင့်လျှောက်ပြီး တရားစခန်းတွေ စီစဉ်ဖြစ်တယ်လို့ ပြောလို့ရပါတယ်။



➤မြစိမ်းတောင်နဲ့ ကိုဇော်မိုးစံရဲ့ ဆက်နွှယ်မှု. . .

မြစိမ်းတောင်ဆရာတော်ကြီးရဲ့ တရားတွေကို ၂၀၀၄ လောက်က စင်္ကာပူမှာပဲ ဓမ္မမိတ်ဆွေတချို့ဆီက CD တရားခွေ ရပြီး စတင်နာဖြစ်ခဲ့တယ်။ အချိန်တော်တော်ကြာတဲ့အထိ ဘယ်ဆရာတော်ဟောနေမှန်း မသိခဲ့ဘူး။ CD အခွေပေါ်မှာ အင်္ဂလိပ်ဂဏန်း ၄ လုံးက လွဲပြီး ဘာမှ မပါပါဘူး။ တော်တော်ကြာမှ မြစိမ်းတောင် ဆရာတော်ဆိုတာ သိခဲ့ရပါတယ်။ ဓာတ်ပုံအနေနဲ့လည်း တရားတွေ စနာပြီး ၂ နှစ်လောက်နေမှ ဖူးတွေ့ခွင့်ရတာ။ နောက်ပိုင်း ရန်ကုန်ပြန်တော့ ဆရာတော့် တရားထဲမှာ ပါတဲ့ ဆရာတော်ရဲ့ ဒကာ ဦးသန်းလွန်(မြန်မာ့အသံ)ရဲ့ အိမ်လိပ်စာကို လိုက်ရှာပြီး၊ ဆရာတော်ဆီကို ပို့ပေးဖို့ အကူအညီတောင်းခဲ့ရာက ကိုယ်တိုင် ပထမဆုံးအကြိမ် သွားဖူးခဲ့ဖြစ်ပါတယ်။ နောက်ပိုင်းအခေါက်တွေမှာ ဆရာတော်ကို စင်္ကာပူမှာ တရားလာပြပေးဖို့ လျှောက်တော့လည်း အချိန်တော်တော်ကြာကြာ ကြိုးစားပြီးမှ ဆရာတော်က လက်ခံခဲ့တာပါ။ ဆရာတော် စင်္ကာပူကို ပထမဆုံးအကြိမ်ကြွပြီးတော့လည်း ဒုတိယနေ့အထိ မြန်မာပြည်မှာလာပင့်တဲ့ ဒကာမှန်း ကျွန်တော့်ကို မသိပါဘူး။ တရားစခန်းကိစ္စအတွက် လိုအပ်တာတွေ သွားလျှောက်တဲ့အချိန်ဘေးက ဦးပဥ္စင်းတွေပြောမှ ကျွန်တော့်ကို သိတာပါ။

➤စိတ်ကူး စရလာတာက အစ ခုလို တတိယအကြိမ်မြောက်(၉)ရက် တရားစခန်းကို အောင်အောင်မြင်မြင် ကျင်းပနိုင်သည်အထိချီတက်လာခဲ့တဲ့ ခရီးစဉ်အဆင့်ဆင့် (Mile Stone)လေး အကျဉ်းချုပ်သိပါရစေ. . .

၂၀၀၇ မှာ ကျွန်တော်တို့ ဆရာတော် ဦးရာဇိန္ဒဦးစီးတဲ့ သတိပဋ္ဌာန်ရိပ်သာ (Satipathana Meditation Centre)က ကော်မတီမှာဝင်ပြီး Volunteer အဖြစ်ဝင်လုပ်ရင်းနဲ့ တစ်လတစ်ကြိမ် လုပ်တဲ့ Group Mediation Session တွေမှာ တာဝန်ခံအဖြစ်လုပ်ခဲ့ပါတယ်။ အခုလက်ရှိလည်း SMC က ကော်မတီမှာ လုပ်နေဆဲပါပဲ။ အဲဒီတုန်းက ပုံမှန် အချိန်ပိုင်းယောဂီ ၂၅၊ ၃၀ လောက်ရှိပါတယ်။

အများအားဖြင့် စင်္ကာပူမှာ အလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့တွေ တရုတ်နှစ်ကူးမှာ မြန်မာပြည် မပြန်ဖြစ်ဘူးဆိုရင် အားလပ်ကြတာကို သတိထားမိပါတယ်။ ဒီလိုနဲ့ ၂၀၀၈ ခုနှစ်တရုတ်နှစ်ကူးပိတ်ရက် ၄ ရက်မှာ နေ့ တရားစခန်းကို ယောဂီ ၃၀၊ ၄၀ လောက်နဲ့ SMC မှာလုပ်ဖို့ စိတ်ကူးရပါတယ်။ အဲဒီတုန်းက SMC က Tiong Bahru MRT နားက Old Havelock Road မှာပါ။ ဒါနဲ့ SMS နဲ့ ကြေငြာလိုက်တာ အံ့သြလောက်အောင် လူ ၁၀၀ ကျော်လောက် စာရင်းပေးကြပါတယ်။ အဲဒီအချိန်တုန်းက လူတစ်ရာလောက်ဆိုတာ အင်မတန်များတဲ့ ပမာဏလို့ ဆိုလို့ ရပါတယ်။ တကယ်တမ်း ကျွန်တော်တို့ လက်ခံနိုင်တာက ယောဂီ ၃၀ သာသာလောက်ပါ။ ဒါပေမယ့် အဲဒီလူတွေကို အကုန်လုံးကို တရားထိုင်နိုင်အောင် စီစဉ်ပေးနိုင်ရင် အရမ်းအကျိုးများမယ်ဆိုတာ စဉ်းစားမိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖြစ်အောင်စီစဉ်မယ်လို့ ဆုံးဖြတ်ပြီး နေရာရှာပါတယ်။ အဲဒီအချိန်က စင်္ကာပူမှာ ယောဂီ ၁၀၀လောက်နဲ့ နေ့ တရားစခန်းလုပ်ပေးဖို့ကို အချိန်တိုအတွင်းမှာ နေရာရှာတာ ဘယ်လိုမှ အဆင်မပြေဘူးဖြစ်နေတယ်။ နောက်ဆုံး သတိပဋ္ဌာန်ရိပ်သာက ဆရာတော်ကြီး ဦးရာဇိန္ဒအဆက်အသွယ်နဲ့ စင်္ကာပူကနေ. . ကီလို ၆၀ ခန့် ဝေးတဲ့ မလေးရှား ကိုတာတင်ဂီမြို့က သန္တိသုခရာမရိပ်သာ (Santisukharama Hermitage)မှာ တရားစခန်း သွားလုပ်ဖို့ စီစဉ်လိုက်ပါတယ်။ အဲဒီရိပ်သာက မလေးရှားက တရုတ်လူမျိုး ထေရဝါဒ ဗုဒ္ဓဘာသာဘုန်းတော်ကြီးနဲ့ တရုတ်လူမျိုးဒကာ၊ ဒကာမတွေ ဦးစီးတည်ထောင်ပြီး ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီးရဲ့ ဩဝါဒခံထားတဲ့. . ကျောင်းပါ။ အရင်တည်းက တရားစခန်းကို အခမဲ့လို့ ကြေငြာထားတဲ့အတွက် မလေးရှားခရီးစဉ်ကိုလည်း ခရီးစရိတ်ကအစ အခမဲ့ပဲ စီစဉ်လိုက်ပါတယ်။ စုစုပေါင်း ယောဂီ ၆၀ ယောက်နဲ့ ၄ ရက်လုံး အချိန်ပြည့် အားထုတ်နိုင်ခဲ့ကြပါတယ်။ တချို့လည်း ဗီဇာ အဆင်မပြေတာနဲ့ မလိုက်နိုင်ခဲ့ပါဘူး။ အဲဒီနောက်ပိုင်း သတိပဋ္ဌာန်ရိပ်သာက ဆရာတော်ကြီး ဦးရာဇိန္ဒနဲ့ ကိုတင်တာဂီမှာပဲ တရားစခန်းတွေကို ၂၀၀၉ ဧပြီလထိ ၄ ရက်၊ ၇ ရက် အစရှိသဖြင့် စုစုပေါင်း ၄ ကြိမ်၊ စင်္ကာပူက. . သတိပဋ္ဌာန်ရိပ်သာမှာလည်း ၃ ရက်၊ ၄ ရက် တရားစခန်းတွေ အခြေအနေပေးတိုင်း အကြိမ်တော်တော်များများ ကျင်းပဖြစ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်က စပြီး ၂၀၁၁ အထိ မြစိမ်းတောင် ဆရာတော်နဲ့ ကိုတာတင်ဂီမှာ (၉) ရက် တရားစခန်း ၂ ကြိမ်လုပ်ခဲ့ပါတယ်။ အဲဒီမှာတော့ နေရာအနေအထားအရ ယောဂီ ၈၀၊ ၉၀ လောက်ပဲ လက်ခံလို့ ရပါတယ်။

St. John's Island မှာ လုပ်ဖြစ်သွားတာနဲ့ ပတ်သက်ပြီး ပြောရရင်တော့၊ အရင်က တရားစခန်းကို မလေးရှားက ကိုတာတင်ဂီမှာပဲ လုပ်နေကြ၊ အဲဒီမှာက နေရာအနေအထားအရ တောထဲမှာဆိုတော့. . အင်မတန် တိတ်ဆိတ်အေးချမ်းပြီး၊ ယောဂီတွေအတွက် တကယ်သင့်တော်တဲ့ နေရာဖြစ်တယ်။ တရားရိပ်သာအတွက် ဖွင့်ထားတာဆိုတော့ စီစဉ်ရတာလွယ်တယ်။ စင်္ကာပူက ဘာပစ္စည်းမှ သိပ်ပြီး သယ်စရာမလိုဘူး။ ယောဂီ ၈၀၊ ၉၀ လောက်ကို ကျွန်တော်တို့ လုပ်အားပေး ၅ ယောက် ၆ ယောက်လောက်နဲ့ နိုင်အောင်လုပ်နိုင်တယ်။ ဒါပေမယ့် လူအများကြီး လက်မခံနိုင်တာရယ်၊ လမ်းပန်းဆက်သွယ်ရေးက ဗီဇာတွေဘာတွေ ယူရတယ်ဆိုတော့ နည်းနည်းထောက်တယ်။ ဒါနဲ့ စင်္ကာပူမှာ တရားစခန်း လုပ်ဖို့ စဉ်းစားတဲ့အခါ St. John's Island ကို သွားတွေ့တယ်။ သေချာသိရအောင် ၂၀၁၀ ခုနှစ် စက်တင်ဘာမှာ ဆရာကြီး ဦးဂိုအင်ကာ တရားစခန်းဝင်ရင်းနဲ့ အခြေအနေလေ့လာခဲ့တယ်။ နေရာကိုတော်တော် သဘောကျပေမယ့် စီစဉ်ရတာ အထူးသဖြင့် ပစ္စည်းတွေ သယ်ဖို့ တော်တော် ခက်မယ်ဆိုတာ သတိထားမိတယ်။ ဘယ်လိုဖြစ်ဖြစ် လုပ်မယ်လို့ ဆုံးဖြတ်ပြီး လိုချင်တဲ့ရက်ကို ကြိုးစားတာ အခုဒီနှစ် ၂၀၁၂မှ အဆင်ပြေသွားတာ။

➤စင်္ကာပူမှာ 'မြစိမ်းတောင်'လိုပဲ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ ဘာသာရေးအဖွဲ့အစည်းတွေ (သိသလောက်)ဘယ်နှစ်ခုရှိပါသလဲ. .

စင်္ကာပူမှာ. . ကျွန်တော်သိသလောက်. . . ဘုန်းကြီးကျောင်း(၁၃)ကျောင်းနဲ့ သီလရှင်ကျောင်း ၂ ကျောင်း၊ ဘာသာရေးအဖွဲ့အစည်းက ၆ ခုလောက်ရှိမယ်ထင်တယ်။

➤ဘာသာရေးအဖွဲ့အစည်းအချင်းချင်း ဘယ်လို အဆက်အသွယ်အကူအညီ ရပါသလဲ?

စင်္ကာပူမှာ ဘာသာရေးလုပ်နေတဲ့ လူတွေအားလုံး တော်တော်များများပေါ့ တစ်ယောက်နဲ့ တစ်ယောက် သိကြ၊ ရင်းနှီးကြပါတယ်။ သူ ဦးဆောင်လုပ်ရင် ကိုယ်ကူညီ၊ ကိုယ်ဦးဆောင်ရင် သူကူညီပေါ့။ ဘာပဲလုပ်လုပ် တတ်နိုင်တဲ့ဖက်က ဝိုင်းဝန်း ကူညီကြပါတယ်။ ဒီနှစ် တရားစခန်းက ခါတိုင်းနှစ်တွေနဲ့ မတူဘဲ ဒုလ္လဘရဟန်းခံပွဲတွေရော၊ သီလရှင်ဝတ်ပွဲတွေရော ပြီးတော့ ယောဂီကလည်း ၂၂၀ ကျော်ဆိုတော့ တော်တော်ကြီးကျယ်သွားတယ်။ ဘုန်းကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေ ဘာသာရေးလုပ်နေတဲ့သူတွေ အကုန်လုံး အဖက်ဖက်က ဝိုင်းဝန်းကူညီကြပါတယ်။ စင်္ကာပူမှာ တကယ့်ကို တက်တက်ကြွကြွနဲ့ ကူညီချင်တဲ့ ကူညီနိုင်တဲ့ လူငယ်တွေ အများကြီးပါ။ သူတို့တွေရဲ့ အကူအညီတွေ၊ ဒီက ဆရာတော် သံဃာတော်တွေရဲ့ အကူအညီ မပါဘဲ ဒီတရားစခန်းကြီးကို အောင်မြင်အောင် ဆောင်ရွက်ဖို့ မဖြစ်နိုင်ပါဘူး။













**➤အင်အားအကောင်းဆုံး ဘာသာရေးအဖွဲ့အစည်းက ဘယ်အဖွဲ့အစည်း ဖြစ်ပါသလဲ?**

ဘာသာရေးနဲ့ ပတ်သက်ပြီး အင်အားအကောင်းဆုံး အဖွဲ့အစည်း ဆိုတာကိုတော့ ဖြေဖို့ ခက်ပါလိမ့်မယ်။ လူအင်အား အရေအတွက်အရ ပြောတာလား၊ ဆောင်ရွက်တဲ့ Event ပမာဏ အကြီးအသေးကိုပြောတာလား၊ ဆောင်ရွက်တဲ့ အကြိမ်အနည်းအများ အပေါ်မူတည်လားဆိုတာပေါ်မှာ မူတည်မယ်ထင်ပါတယ်။

**➤ဘယ်လို အခက်အခဲတွေ ဖြတ်သန်းခဲ့ရပါသလဲ?**

ကျွန်တော်သိရသလောက် စင်္ကာပူမှာ ဘာသာရေးဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေအားလုံးရဲ့ အဓိကအခက်အခဲက နေရာ အခက်အခဲဖြစ်ပါတယ်။ တရားစခန်းတွေအတွက် လိုချင်တဲ့အချိန်မှာ လိုချင်တဲ့နေရာ ရဖို့ တော်တော်ခက်ခဲပါတယ်။ နောက်တစ်ခုက အချိန်ရှားပါးမှုပါ။ အားလုံးက မအားတဲ့ကြားက အချိန်ကို အလုအယက်ယူပြီး လုပ် နေကြရတယ်။ ကျွန်တော်တို့ဆို တရားစခန်းမတိုင်ခင် တစ်လခွဲအလို လောက်တည်းက ရုံးအလုပ်တော်တော်များများကို ပစ်ထား၊ နောက်ရွှေ့လို့ရတဲ့ အလုပ်မှန်သမျှ နောက်ရွှေ့၊ အလုပ်တွေဖျက်ပြီး စီစဉ်ခဲ့ရတာပါ။ အားတဲ့အချိန်မှ လုပ်မယ်ဆိုလို့ အချိန် မလုံလောက်ပါဘူး။

**➤ရရှိတဲ့ အကျိုးကျေးဇူးပီတိတွေရှိရင် သိပါရစေ. . .**

စိတ်ခံစားမှုကို ပြောရရင်တော့ ယောဂီတွေ တရားထိုင်နေတာ၊ တရားကို လေးလေးစားစား ရှုမှတ်နေတာ တွေ့မြင်ရရင် ကျွန်တော်တို့တွေ အားလုံးရဲ့ အပင်ပန်းခံစီစဉ်နိုင်မှုကြောင့် လူတွေ(ယောဂီတွေ) အများကြီး သာသနာတွင်းမှာမှ ပြုနိုင်တဲ့ အမြတ်ဆုံးကုသိုလ်ပြုဖြစ်တဲ့ ဝိပဿနာတရားတွေ အားထုတ်ခွင့် ရကြတယ်ဆိုပြီး ကျေနပ်ပီတိ ဖြစ်မိပါတယ်။ ပင်ပန်းခဲ့သမျှလည်း အကုန်ပြေပျောက်သွားပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အဖေငယ်ငယ်လေးတည်းက. . ပြောဖူးတာကို စိတ်ထဲမှာ စွဲနေတာ တစ်ခုရှိတယ်။ တစ်သက်လုံး လုပ်တဲ့ ဒါန၊ သီလ ကုသိုလ်ထက် နို့တစ်ညှစ်စာအချိန်လောက် မေတ္တာဘာဝနာ ပွားတာက ပိုပြီး အကျိုးများတယ်။ အဲဒီထက်. . ဝိပဿနာတရားကို တစ်ချက်လောက် ရှုမှတ်နိုင်လိုက်တာက မေတ္တာဘာဝနာ ပွားတာထက် အကျိုးများတယ်လို့ ဆုံးမခဲ့ဖူးတယ်။ စဉ်းစားကြည့်လိုက်ရင် အခုအားထုတ်နေတဲ့ ယောဂီတွေ ကုသိုလ်တွေ အသေချာ အနန္တ ရနေကြတယ်ဆိုတာ အသေအချာ သိနိုင်ပါတယ်။ အဲဒီအချိန်တွေကို ဘယ်အချိန်ပြန်တွေးတွေး တကယ်ကြည်နူး ဝမ်းသာရပါတယ်။ အားထုတ်ခဲ့တဲ့ ယောဂီတွေ၊ ကျန်တဲ့ ဝေယျာဝစ္စ ပြုခဲ့သူတွေအားလုံးလည်း ဒီလိုပဲ ပြန်တွေးတိုင်း ကြည်နူး ဝမ်းသာနေကြမှာပါပဲ။

လက်တွေ့မြင်နိုင်တဲ့ အကျိုးကျေးဇူးကတော့ ဆရာတော်ဘုရားကြီးရဲ့ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံကျေးရွာ အရှေ့ဖက် ရိုးမတောထဲမှာရှိတဲ့





တရားရိပ်သာကို စင်္ကာပူကနေ အထိုက်အလျှောက် ထောက်ပံ့နိုင်နေပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ရိပ်သာက မြို့နဲ့ဝေးတဲ့ နေရာမှာ ရှိတော့ အလှူရှင်တွေ အရောက်အပေါက်နည်းပြီး ချို့တဲ့ပါတယ်။ စင်ကာပူက ယောဂီဟောင်းတွေ ဓမ္မမိတ်ဆွေတွေစုပြီး လစဉ်ဆွမ်းစရိတ် ထောက်ပံ့နေတာ အခုဆို ၂ နှစ်ပြည့်ပါတော့မယ်။ နောက်ပြီး . . နှစ်ယောက်ခန်း အခန်း ၄၀၊ ၃ ယောက်ခန်း ၈ ခန်းပါဝင်ပြီး သိန်း ၁၃၀၀ လောက်ကုန်ကျတဲ့ RC နှစ်ထပ် အမျိုးသမီးယောဂီဆောင် တစ်ခုလည်း ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ပါတယ်။ ဒါကလည်း ယောဂီတွေ ဓမ္မမိတ်ဆွေတွေက တကယ်လိုအပ်နေတဲ့ နေရာမှာ သာသနာအတွက် လှူချင်ကြတာရယ်၊ ဆရာတော်ဘုရားကြီးကို ကြည်ညိုကြတာရယ်ကြောင့် လှူဒါန်းကြလို့ အောင်အောင်မြင်မြင် ဖြစ်သွားတယ်လို့ ဆိုရမယ်ထင်ပါတယ်။

**➤စင်ကာပူမှ မြန်မာတွေက ပြည်တွင်းက မြန်မာတွေထက် ဘာသာရေး အလှူအတန်းမှာ ပိုစိတ်ဝင်စားစွာ ပါဝင်ကြတယ်ဆိုတာ မှန်ပါသလား။**

စင်ကာပူက မြန်မာတွေက ဘာသာရေးကို ပိုစိတ်ဝင်တယ်ဆိုတာထက် ဘာသာရေးလုပ်ခွင့် ပိုရကြတယ်လို့ ပြောလို့ရမယ်ထင်တယ်။ မြန်မာပြည်က ဆရာတော်ကြီးတွေ တော်တော်များများလဲ စင်္ကာပူကို ကြွကြတယ်ဆိုတော့ ဒကာဒကာမတွေအနေနဲ့လည်း ဆရာတော်ကြီးတွေကို အနီးကပ်ဆည်းကပ် ပူဇော်ခွင့်ရကြတယ်။ ဒီလိုဆရာတော်ကြီးတွေရဲ့ တရားစခန်းတွေ၊ တရားပွဲတွေဆိုလည်း စင်္ကာပူမှာ တစ်နှစ်ပတ်လုံး မပြတ်ပါဘူး။ စင်္ကာပူက မြန်မာတွေထဲမှာ ဘာသာရေးနဲ့ ပတ်သက်ပြီး တက်တက်ကြွကြွ ဦးဆောင်လုပ်တဲ့သူတွေ၊ လုပ်နိုင်သူတွေ တော်တော်များတယ်ဆိုတော့ ဘာသာရေးလိုက်စားသူတွေအတွက် အခွင့်အလမ်းက အပြည့်ပါ။ နိုင်ငံကလည်း ကျဉ်းတော့ အားလုံးစုစုစည်းစည်းနဲ့ လုပ်နိုင်ကြတယ်။ တစ်ခုက ဘာသာရေး Activity တွေများလာတာနဲ့အမျှ ပတ်ဝန်းကျင်ရဲ့ မိတ်ဆွေကောင်းရဲ့တွေရဲ့ တိုက်တွန်းမှုကြောင့် စင်္ကာပူက မြန်မာတွေထဲမှာ ဘာသာရေး စိတ်ဝင်စားသူတွေ ပိုလာတယ်လို့လည်း ပြောလို့ရနိုင်ပါတယ်။

**➤ဘယ်လို အကူအညီတွေ လိုအပ်ပါသေးသလဲ?**

အကူအညီအနေနဲ့တော့ ဝေယျာဝစ္စလုပ်အားလိုမျိုးပေါ့။ အထူးသဖြင့် ပိတ်ရက်မဟုတ်တဲ့ရက်မျိုးတွေမှာ လုပ်အားပေးနိုင်တဲ့သူ ရှားပါတယ်။ နောက်ပြီး တရားပွဲ၊ တရားစခန်းတွေအတွက် နေရာတွေနဲ့ ပတ်သက်လို့ Information အဆက်အသွယ် အကူအညီလိုပါတယ်။

**➤ဘာတွေ ဆက်လုပ်ဖို့ ရည်ရွယ်ပါသေးသလဲ?**

စင်္ကာပူမှာရှိနေသရွေ့ ဒီမှာရှိနေတဲ့ လူမျိုးဘာသာ သာသနာအတွက် တတ်စွမ်းသမျှ ဆက်လုပ်သွားမှာပါ။ မြန်မာပြည်ပြန်တော့လဲ မြန်မာပြည်အလျှောက်ပေါ့။ မိမိအတွက် အများအတွက် တတ်နိုင်သမျှ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဆက်လုပ်သွားဖို့ ဆုံးဖြတ်ထားပါတယ်။

**➤စင်ကာပူမှာ ရွှေတိဂုံဘုရားလို (ဒါမှမဟုတ်) ဟောင်ကောင်တို့ ဂျပန်ပြည်မှာလို ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားဖို့ စိတ်ဝင်စားပါသလား?**

လုပ်နိုင်သူတွေ လုပ်ကြရင်တော့ ကောင်းပါတယ်။ ကျွန်တော်ကတော့ စိတ်ကူးမရှိသေးပါဘူး။

**➤သဇင် Success မဂ္ဂဇင်းက တဆင့် ဘာပြောချင်ပါသေးသလဲ?**

စာဖတ်သူတွေအားလုံး ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ တရားစခန်းတွေ၊ လှူဒါန်းထောက်ပံ့မှုနဲ့ ပတ်သက်ပြီး စိတ်ဝင်စားရင်ပဲဖြစ်ဖြစ် တရားတော်တွေနာလိုရင်ပဲဖြစ်ဖြစ် www.myaseintaung.net မှာဝင်ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျေးဇူးတင်ပါတယ်။